ကိုငစာပေ

# မြပုလဲခင်

# ရေလွှာခွဲတဲ့ လှေဦး



စ/ဆုံး
လုံးချင်းဝတ္ထုသစ်

လူဆိုတာ လက်ရှိဘဝနဲ့ အသက်ဆိုင်ဆုံးပဲ။ အတိတ်နဲ့ မဆိုင်ဘူးတဲ့လား။ လက်ရှိပိုင်ဆိုင်ခွင့် ရထားသော ဘဝထက် ပို၍ သေချာတာ ဘာမှ မရှိနိုင်ဟု ....။

နုရွှေစင်

သိပ်ကို အငြိုးအတေးကြီးလွန်းသော ကံကြမ္မာက ဘယ်ဘဝအဆက်ဆက် အသင်္ချေပေါင်း များ စွာကတည်းက ဝဋ်ကြွေးတွေကို ဒီဘဝတစ်ခုတည်းမှာ စုပြုံဆပ်နေတာလဲကွာ...။

ဒေါက်တာစစ်သွေး

မင်းရဲ့ တိုက်ပ်ကို မကြိုက်လို့ ပြောတာ။ လောကကြီးမှာ လူတစ်ခု ပူမှုဆယ်ကုဋေတဲ့ ။ အပူတစ်ခုကြောင့် မင်း လောကကြီးနဲ့ ဟင်းလင်းပြင် ဖြစ်နေတာကို မလိုချင်တာ။

ကျော်သက်ထူး

လူဆိုတာ ပြဿနာသိပ်ကြီးလာရင် ယဉ်ကျေးတာတွေ နူးညံ့တာတွေ ပျောက်ကွယ်သွား တတ်ပါတယ်။

ဒေါက်တာလှိုင်

## အပိုင်း (၁)

## အခန်း (၁)

မန္တလေး-ရန်ကုန်အစုန် အထူးအမြန် ရထားတွဲကြီး၏ လေးယောက်တွဲ အိပ်စင်ခန်းတစ်ခန်း အတွင်းသို့ ခေတ်၏ သမီးပျိုနှစ်ဦး အလုအယက် အတွန်းအတိုက်နှင့် ဝင်ရောက်အလာ၌ နှုတ်ခမ်း နီတာရဲလေးတွေဆီမှ လည်း ဆီမန်းမန်းသလို ပတွတ်ပတွတ် အပြောများ နှင့် ခိုးခိုးခစ်ခစ် ရယ်သံလေးများကလည်း ဝေဝေစီစီ။

ထိုခေတ်၏ သမီးပျိုနှစ်ယောက်သည် ကား လှဥမ္မာနှင့် နုရွှေစင် ဖြစ်သည် ။ သာလိကာမလေး နုရွှေစင်က ထုံးစံအတိုင်း သူပင် ဦးဆောင်ကာ မြင်မြင်သမျှ ထင်ထင်သမျှတို့ ကို ရင်ထဲမထား၊ နှုတ်မှ ကရားရေလွှတ်သလို တတွတ်တွတ် မြည်လေတော့သည် ။

‘ဥမ္မာရေ ကျွန်မတို့ ရထားတဲ့ အခန်းက လေးယောက်ခန်းဆိုတော့ ကျန်တဲ့ နှစ်ယောက်က ဘယ်သူတွေဖြစ်မယ်လို့ ရှင် ထင်သလဲ’

‘ကျုပ်က အကြားအမြင်ရတဲ့ ပုဂ္ဂိုလ်မှ မဟုတ်တာ ဘယ်သိမလဲ’

‘သြော် ရှင်ကလည်း ခန့်မှန်းကြည့်ရုံတင်ပါ၊ ပုရိသဖြစ်မလား ဣတ္ထိယဖြစ်မလား ဆိုတာကိုပေ့ါ’

‘သြော် ဒါလား၊ ဣတ္ထိယ ဖြစ်လို့ ကတော့ ဘာအရေးလဲ မိတ်တောင်ဖွဲ့လိုက်ဦးမယ်’

လှဥမ္မာက ဆုကေ့စ် အနီရောင်အိတ်ကြီးကို မနိုင်မနင်း ဆွဲယူရင်းက ပြောလိုက်သည် ။

‘အေး ပုရိသ ဖြစ်နေရင်ကော’

သာလိကာမလေး နုရွှေစင်ကလည်း အမျှင်မပြတ်တန်း မေးခွန်းတွေ ထုတ်နေလေသည် ။ လှဥမ္မာကလည်း လိုက်ဖက်ညီစွာပင် သူ မေးသမျှ မေးခွန်းကို အငေါ်အတူးလေးများ နှင့် ဒိုင်ခံဖြေလေသည် ။

‘ဒါလား မခက်ပါဘူး၊ ရွယ်တူဖြစ်နေရင်တော့ အပျင်းပြေဇာတ်လမ်းလေး ဖန်တီးလိုက်ကြတာပေ့ါ အဟိ’

‘ထိပ်ပြောင်ပြောင် ဗိုက်ပူပူ အသက်ခြောက်ဆယ်အရွယ်ကြီးတွေ ဖြစ်နေရင်ကော’

‘ဒီတော့လည်း အဖေအရွယ်၊ ဦးလေးအရွယ် ဆိုတော့ ဘော်ဒီဂတ်ရတာပေ့ါ’

လှဥမ္မာ၏ အဖြေကိုတော့ နုရွှေစင် လက်မခံနိုင်ချေ။ ထို့ကြောင့် ခပ်မဲ့မဲ့လေးပြုံရင်း

'ရပါလိမ့်မယ် အားကြီးကြီး ဒီခေတ်ကြီးက အဘိုးကြီးတွေခေတ်ရှင့် သွားမပါချင်နေ ကားပါရင် ပြီးရောဆိုတဲ့ ခေတ်မို့ သူတို့ က ပိုတောင် ကြောက်ဖို့ ကောင်းသေးတယ် သိလား ဟင်း သမီး သမီးနဲ့ ခွီးချင်နေကြတာ'

'အဟိဟိ'

'အဟင်း ဟင်း'

နုရွှေစင် စကားအဆုံး၌ နှစ်ဦးသား လှောင်ပြောင်ရယ်သံလေးများ နှင့် ပခုံးချင်း တွန်းတိုက်ကာ ရယ်လိုက်ကြသည် ။

ပတ်ဝန်းကျင်ဆိုတာကို အလေးမထား၊ ဂရုမစိုက်၊ ဘယ်သူတွေကပဲ ကြည့်ကြည့်၊ နားထောင်ထောင် မမှုပြီ။ ပြောချင်ရာကို လွတ်လပ်စွာ ပြောဆိုပြီး လွတ်လွတ်လပ်လပ်ပင် ရယ်မောလိုက်ကြသည် ။ ဤသို့ ဖြစ်ရခြင်းကလည်း ပံ့ပိုးမှုတွေ အများကြီး ရှိနေခြင်းက ပါသည် ။

မိသားစု အသိုင်းအဝိုင်းကလည်း နုရွှေစင်အား ချစ်ခင် အလိုလိုက်မှု၊ ရှားပါနေသော ခေတ်ကြီး၌ နုရွှေစင်တို့ က လိုတရအောင် ပြည့်စုံနေမှုကလည်း ပါလေသည် ။

ထို့ကြောင့် စားချင်ရာစား၊ သွားချင်ရာသွား၊ ဝတ်ချင်သလိုဝတ်၊ မရှိခြင်းဆိုတာ ဘာလဲဟု မေးယူရလောက်အောင်ပင် တစ်ခါမှ နားမလည်း မခံစားဖူးသူလေး ဖြစ်သည် ။

သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ဆိုသလို နုရွှေစင်၏ အချစ်ဆုံး သူငယ်ချင်း လှဥမ္မာကလည်း ထိုနည်းအတူတူပင်။ ထိုသို့ လွတ်လပ်ခြင်း ၊ ပြည့်စုံခြင်း အစွမ်းတို့ က သူတို့ ရင်ကို ဖြစ်တည်စေခြင်းကြောင့်ထင့်။ ဘယ်အချိန် ဘယ်အခါ ကြည့်ကြည့် နုရွှေစင်တို့ သွင်ပြင်က ရဲရင့် ဖျတ်

လတ်၊ သွက်လက်မြူးကြွနေစမြဲပင်။

'ဟောတော့ လူရောက်နေပြီ ရွှေစင်'

မိမိတို့ စီးနင်း လိုက်ပါရမည့် အိပ်စင်ပါ လေးယောက်ခန်းဝသို့ အရောက်တွင် လှဥမ္မာက အလန့်တကြားဟန်လေးနှင့် ပြောလိုက်ရာ နုရွှေစင်က-

'အမယ်လေး ဘာများ လဲလို့ လူစီးတွဲ လူရောက်နေတာများ အဆန်းတကြယ်လုပ်လို့ ကျွန်မက ဘာများ လဲလို့'

မျက်စောင်းလေးပင့်ကာ ချိုကာ ပြောလိုက်ရင်း အိပ်ခန်းတွင်းသို့ ကိုယ်စီကိုယ်ငှ ဝင်လာကြလေသည်။

နုရွှေစင်က-

'ဘယ်မှာ လဲ လူ အိတ်တွေပဲ ရှိသေးတာ'

'အေးလေ အိတ်တွေ့မှ တော့ လူတွေက ကျုပ်တို့ ထက်အရင်ရောက်နေပြီလို့ ပြောတာ'

နုရွှေစင်က လှဥမ္မာ၏ အဖြေကို တုံ့ပြန်မနေတော့ဘဲ ပစ္စည်းများကို နေရာချထားပြီးနောက် ရေခဲဘူးကို ထုတ်ယူလိုက်သည်။

'ရွှေစင် ရှင့်အဒေါ်ကတော့ စံပြပဲ'

'ဘာဖြစ်လို့ လဲ'

'ကိုယ့်တူမလေးကို ဘူတာရုံတောင် လိုက်ပို့ဖော် မရလို့ လေ'

'ဒါကတော့ သူ့ မူပဲလေ၊ ဘယ်သူပဲဖြစ်ဖြစ် ဘယ်လောက်ပဲ ချစ်ချစ် ဘူတာတို့ ကားဂိတ်တို့ သင်္ဘောဆိပ်တို့ လိုက်ပို့တဲ့ အလုပ်ကို သူ မလုပ်ဘူး'

‘ဟွန်း တစ်မျိုးကြီးပဲ’

ပြောပြောဆိုဆို လှဥမ္မာက ဆိုဖာထက်သို့ အိကနဲ ထိုင်ချ လိုက်လေသည် ။ နှင်းရွှေစင်ကတော့ ကျွဲရိုင်းဘူးကိုဖောက်၊ မယ်လမီးခွက်ထဲ လောင်းထည့် ရေခဲဘူးမှ ရေခဲလေးများကိုပါ ထည့်လိုက်ပြီး နောက် ဇိမ်ဆွဲသောက်နေလေသည် ။

‘အဲတော် ရှင့်ဒေါ်ငယ်အိမ်က ဒရိုင်ဘာကြီး မပြန်သေးဘူးတော့’

‘ဒေါ်ငယ် အမှာ တော်ရှိလိုက်တဲ့ အတိုင်း ရထားထွက်ပြီးမှ ပြန်တော် မူလိမ့်မယ်ထင်တယ် အဟိ နေပါစေ’

ပြောပြောဆိုဆို ဆိုဖာနောက်သို့ မှီချကာ မျက်လုံးလေးမှိတ်ပြီး ကျွဲရိုင်းအေး၏ အရသာကို ခံယူနေလိုက်သည် ။ ထို့အတူ လှဥမ္မာကလည်း သူကြိုက်ရာ အချဉ်ပေါင်းထုပ်ကို ဖောက်စားနေသည့်အတွက် အခန်းလေးအတွင်း၌ တိတ်ဆိတ်သွားလေသည် ။ မိကျောင်းသမီးတို့ ကိုယ်စီကိုယ်ငှ နှစ်သက်ရာအဟာရကို မှီဝဲပြီး ငြိမ်သက်ကာ မှိန်းနေစဉ် သူတို့အခန်းတွင်းသို့ ဝင်လာသော လူရိပ်နှစ်ရိပ်ကြောင့် နှင်းရွှေစင် မျက်ဝန်းကလေး ဖျတ်ကနဲ ပွင့်သွားသည် ။

အဆိုပါ လူရိပ်၏ ပိုင်ရှင်နှစ်ဦးအနက် တစ်ဦးထံသို့ အကြည့်ဆိုက်ရောက်သွားသည် နှင့် တစ်ပြိုင်နက်သလို နှင်းရွှေစင်၏ နှလုံးသွေး စီးဆင်းလည်ပတ်မှုသည် လည်း အဆပေါင်း ကုဋေကုဋာမက ပို၍ မြန်ဆန်သွားလေတော့သည် ။

***

## အခန်း (၂)

နုရွှေစင် အကြည့်ကို ရုတ်တရက် မသိမ်းနိုင်။

စက္ကန့်မှ သည် မိနစ်ဆီသို့ ကူးပြောင်း လာလေပြီ။

ပွဲလည်တင့်စေသည့် ဥပဓိရုပ်ပိုင်ရှင် နှစ်ဦးစလုံးအနက် အသားညို ပြီး ဘေးက အသားဖြူဖြူ ခပ်နွဲ့နွဲ့ ခပ်ပါးပါးလူထက် ပို၍ တုတ်ခိုင်ထွား ကျိုင်းသည့် လူညိုထွားထံသို့ ဆိုက်ရောက်နေသော အကြည့်ကို နုရွှေစင် ရုပ်သိမ်း၍ မရသေးချေ။

'အင့်'

ခါးသို့ ဆစ်ကနဲနေအောင် ဆွဲလိမ်ခံလိုက်ရမှ နုရွှေစင်၏ အကြည့် မြားဦးသည် လုဥမ္မာထံသို့ စွေစောင်းကာ ရောက်ရှိသွားလေတော့သည် ။

လွှဲဖယ်လိုက်ပြီးသည့်တိုင်အောင် လူညိုထွား၏ စူးနစ်သော အကြည့်က ရင်ထဲစွဲငြိ၍ နေလေပြီ။

ထိုအကြည့်စူးက အံ့သြမှု၊ တုန်လှုပ်မှုများ ယှက်သန်းနေသည် ဟု နုရွှေစင် ခံစားလိုက်ရသည် ။

သို့သော် ကိုလူညိုချောကလည်း သူနှင့်အတူ တစ်ပြိုင်နက်ဆိုသလို အကြည့်ကို ရုပ်သိမ်းပြီး ပြတင်းပေါက်နားက ဆိုဖာတွင် ဝင်ထိုင်လေ

တော့ နုရွှေစင်နှင့် မျက်နှာချင်းဆိုင် အနီးကပ်နေရာ၌ ရှိလေပြီ။

တွဲဖက်ပါလာသော ကိုဖြူချောက

'လက်လျှော့လိုက်ပါတော့ ကိုစစ်ရာ၊ စိတ်ကိုပါ ဒုံးဒုံးချထားလိုက်တော့'

ကိုလူညိုချောကို ရည်စူး၍ ပြောနေမှန်း နုရွှေစင် သိလိုက်သည် ။

'ကိုစစ်'တဲ့ လား။

နာမည်အပြည့်အစုံတော့ မဖြစ်နိုင်ပါ။ တစ်စိတ် တစ်ဒေသလောက်သာ ဖြစ်မည်။

မချိပြုံးကို လှစ်ခနဲပြုံးပြီး ခေါင်းညိတ်လိုက်သည် ။

ပြီးတော့...

ဆိုဖာနောက်မှီသို့ မှီချကာ မျက်လုံးကို စုံမှိတ် လိုက်လေသည် ။

ဟွန်း ဆွေးဘဲကြီးပုံပဲ။

ရှေ့မှာ နတ်သမီးတမျှ လှပနေသော မိန်းမချောလေး ရှိနေတယ်ဆိုတာ သိလျက်နှင့် အလေးမထားပါလား။

နေပေါ့ နုရွှေစင်တို့ ကလည်း ပေါ့သေးသေး မိန်းမတွေမှ မဟုတ်တာဘဲ၊ ကြိုက်တဲ့ သူတွေ ဝိုင်းဝိုင်းလည်လို့ ခါချနေရသူပေပဲဟာ။

သို့သော် တွေ့တွေ့ချင်း စူးရဲသောအကြည့်က ထူးဆန်းနေသည် ။ အကြည့်စူးက ရင်ကိုရှူးစေပြီလား။

ထိုစဉ် ရထားကြီးလည်း တာဝန်ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်လေပြီ။

လှဥမ္မာက ဒရိုင်ဘာကြီးကို လှမ်း၍ တာ့တာ လုပ်လိုက်သေးသည် ။ နုရွှေစင်က ဝေါမင်းကို ထုတ်ယူပြီး နားထောင်လိုက်သည် ။ စည်းချက်မှန်မှန် လိုက်ရင်း ကွဲရိုင်းကိုလည်း သောက်ရင်း ကိုလူညိုချောကို ဥပေက္ခာပြုထားလိုက်သည် ။

သို့သော် ရံဖန်ရံခါတော့ နုရွှေစင်၏ အကြည့်က ကိုလူညိုချောထံသို့ လှစ်ခနဲ လှစ်ခနဲ ရောက်သွားတတ်သည် ။

ထိုသို့ ရောက်သွားသည့်အခါတိုင်း မိမိကို ငေးမောကြည့်ရှုနေသောသူ၏ မျက်လုံး စူးစူးများကို ရင်ဆိုင်လိုက်ရလေသည် ။

သို့သော် မိမိအကြည့်နှင့် ခလုတ်တိုက်မိလေတိုင်း ရုတ်ခြည်းဆိုသလို မျက်နှာလွှဲသွား တတ်လေသည် ။

ဟွန်း..အဲဒီလို ပြုမူပုံကိုကပဲ မိမိကို တမင်အူယားအောင် လုပ်နေတာလား။

ဒါ ယောက်ျားမာယာလား၊ စတန့်ပေလား။ နေနှင့်ဦးပေါ့ကွာဟု တေးထားလိုက်သည် ။

နောက်ထပ် အကြည့်သူခိုးကို လူမိသွားချိန်၌ အမြင်ကပ်ကပ်နှင့် မျက်စိမှိတ်ပြလိုက်၊ မဲ့ပြလိုက်၊ လျှာထုတ်ပြလိုက်နှင့် လုပ်ပစ်လိုက်တော့ ပြုံးယောင်လေးမျှ လှစ်ခနဲသန်းပြီး မျက်နှာလွှဲသွားသော ကိုလူညိုချောကိုကြည့်ပြီး ဘဝင်မှာ မကျေနပ်သလို ဘာလိုလိုနှင့် ပို၍ အသည်းယားလာရလေတော့သည် ။ တေမိမင်းသားကို အားကျ၍ တေမိထုံး နုလုံးမူထားသည် ထင့်။ တစ်လမ်းလုံး ဘာမှ ဝယ်ယူစားသောက်ခြင်း မရှိကြသော ကိုလူညိုချောနှင့် ကိုဖြူချောတို့ နှစ်ယောက်စလုံးအား နုရွှေစင်တို့ ပါလာသမျှ အစားအသောက် စုံစီနဖာတို့ အား ထုတ်ယူစားသောက်သည့် အခါတိုင်း-

'စားပါဦးလား'

ဟူသည့်သဘောနှင့် မေးလေးဆတ်ကာ မြှောက်ပြသည့်အခါတိုင်း ကိုဖြူချောက ပြုံးကာ ခေါင်းလေးခါပြလေသည် ။ ကိုလူညိုချောက တော့ ခေါမရုပ်ထုကြီးလို ခေါင်းလည်း မခါ၊ ခေါင်းလည်း မညိတ်နှင့် ခပ်မဆိတ် နေနိုင်ရက်လွန်းလှသည် ။

ဘာသားနဲ့ များ ထုထားလို့ ဒီလောက် ကျောက်ရုပ်ဆန်နေရတာလဲ ဟု နုရွှေစင် မေးလိုက်ချင်ပါဘိ။ လှဥမ္မာက နုရွှေစင်၏ အရိပ်အခြည်ကို ကြည့်၍ သုံးသပ်ပြီး လက်ကလေးတို့ ကာ-

'တွိုင်းလက်(ရေအိမ်)သွားရအောင်လား'

'အိုကေ'

ဝေါ့မင်ကို ဖြုတ်ထားခဲ့ပြီး လှဥမ္မာနှင့်အတူ ရေအိမ်လိုက်သွားစဉ် ထုံးစံအတိုင်း လက်ပံပင် ဆက်ရက်ကျလေတော့သည် ။

'ရှင်မြင်သလား ဥမ္မာ'

'ဘာကိုလဲ ရှင်တို့ နှစ်ယောက် မျက်လုံးချင်း ပါဝါပြိုင်နေကြတာကို လား'

'ပါဝါပြိုင်တာ မဟုတ်ဘူး ကျွန်မကို စူးစူးစိုက်စိုက် ကြည့်နေပြီး ကျွန်မက ကြည့်လိုက်တော့ မျက်နှာလွှဲသွားတာ ဘာသဘောလို့ ရှင်ထင် သလဲ'

'ကျုပ် ဘယ်သိမှာ လဲ'

'ဟုတ်တယ် ကျွန်မကိုယ်တိုင်လည်း သူ့ အကြည့်ကြီးက ဘယ်လို ကြီးမှန်း မသိဘူးလို့ ခံစားမိတယ်'

‘ဘယ်လိုကြီးမှန်း မသိဘူး ဆိုတာက’

‘ရှက်သလိုလို ရွံ့သလိုလို ကြောက်သလိုလို မုန်းတီးနေသလိုလိုပဲ’

‘ဟင်’

‘ဟုတ်တယ် အဲဒီလိုလိုတွေထဲမှာ ကျွန်မလိုချင်တဲ့ ချစ်ငွေ့အရိပ်အယောင်လေးကို စိုးစိမှ မတွေ့ရဘူး အဲဒါကြောင့် စိတ်ထဲခံပြင်းနေပြီး အမြင်ကတ်တာနဲ့ မာယာလက်နက်တွေ ပစ်လွှတ်လိုက်တယ်’

‘တွေ့သားပဲ’

‘ဒါပေမဲ့ သူက မတုန်လှုပ်ဘူး’

‘ဟုတ်ပ့ါ၊ တော်ကြာ အခွေတွေထဲကလို စိတ္တဇလူသတ်သမား ဖြစ်နေဦးမယ်’

‘ဒါတော့ မဖြစ်နိုင်ဘူး လူက အချောကြီး မဟုတ်ဘူး ထိုင်းက မော်ဒယ်ဘွိုင်းတွေရဲ့ ပုံစံမျိုး ဒါပေမဲ့ ကြည့်ကောင်းတယ်၊ ကျန်းမာရေး လိုက်စားတဲ့ ပုံမျိုး သိသာတယ်’

‘ဩော် လူသတ်သမားတွေလည်း အဲဒီလို သားသားနားနားတွေပဲဟာ’

‘ဘာပဲဖြစ်ဖြစ် ကျွန်မရင်ထဲကိုတော့ သူ့အကြည့်တွေက စူးနစ်ဝင်သွားပြီ ဥမ္မာရေ’

‘အင်း ဖြစ်ရမယ်’

နှစ်ယောက်သား ရေအိမ်ဝင်ပြီး အခန်းရှိရာ ပြန်ခဲ့သည် ။ ထိုင်လိုက်မိကြသည် နှင့် ပြောထားသော အရှိန်က မပြယ်ချင်သေးသဖြင့် ပြုံးယောင်သန်းရာမှ ခစ်ခနဲ ရယ်လိုက်မိကြသေးသည် ။

ဤသည် ကို ကိုလူညိုချောက ကြည့်နေပြန်သည် ။ ဘယ်လိုလဲဟာ။ သူ့အကြည့်ကြီးတွေက တစိုက်မက်မက်နှင့်ပါလား။ ဘာလို့ များ ဒီလောက်တောင် ကြည့်ရတာလဲ။

အကြည့်ကသာ စူးရှသည် ။ မျက်နှာပြင်ကြီးတစ်ခုလုံးကတော့ ရှုတည်တည်နှင့်မို့ ဘာသဘောလဲ။ သူ၏ အဇ္ဈတ္တထဲ၌ ဘာတွေရှိနေသလဲ ဆိုတာကို ခန့်မှန်းရခက်ပါဘိ။ ချောလို့ လှလို့ ကြည့်တာဆိုရင်လည်း ခင်မင်နှစ်လိုဖွယ်ရာ နူးညံ့သော မူယာရိပ်ကလေးများကို တွေ့မြင်ရမည်ပေါ့။

အခုတော့..

ဟွန်း တော်တော်တွေးရခက်ပါလား ကိုလူညိုချောရယ်။ ကျွန်မအာရုံကို တော်တော် နှောက်စေပါလားဟု တွေးရင်း နှုတ်ခမ်းကို ပြောင်းမြည်းသွားစ ပြုလေသည် ။ သူစိမ်းယောကျ်ားလေးများ ရှေ့မှာမအိပ်တော့ပါဘူးဟု အားတင်းထားသော်လည်း လူ့စိတ်အလိုကို ခန္ဓာဝန်က မလိုက်နိုင်တော့ချေ။ နံရံလေးသို့ မှီချလိုက်မိသည် နှင့် အိပ်ခြင်းက သူ့အား အနိုင်ယူသွားလေပြီ။

***

‘ဟော့တော်’

မျက်စိနှစ်လုံးပွင့်ပွင့်ချင်း ရင်ဆိုင်တိုးလိုက်ရသည် က စူးရဲသော အကြည့်တစ်စုံကို ဖြစ်သည် ။

ဘုရားရေ..။ မိမိအိပ်နေတာ ပုံပျက်ပန်းပျက်များ ဖြစ်နေလေလျော့

သလား။

မတတ်နိုင်။ လူဆိုတာ သွေးနဲ့ ကိုယ် သားနဲ့ ကိုယ်ပဲလေ။ အိပ်ချင် အိပ်ရမည်ပေါ့။ ဒါသဘာဝတရား။ စစ်မှန်သော သဘာဝတရားပဲ။ ဂရုစိုက်နေလို့ ရမှာ လား။ အပဟင်း..။ ကိုယ့်ကိုယ်ကိုယ် အားပေးရင်း စူးရဲသော အကြည့်ပိုင်ရှင်ကို မျက်စိတစ်ဖက်မှိတ်ပြလိုက်သည် ။

သို့ဆိုပြန်တော့လည်း မျက်နှာလွှဲသွားပြန်သည် ။ တော်တော် သိရခက်တဲ့ လူကြီးပဲ။ သူစိမ်းမိန်းမသားတစ်ယောက် အိပ်နေတာကို ကြည့်နေတာ အဆင့်အတန်းမရှိဘူးဟု ပြောရလောက်အောင်ကလည်း သူ့အကြည့်က မိမိ၏ မျက်နှာပေါ်ကလွဲ၍ ဘယ်နေရာကိုမှ မရောက်။ သိရခက်ပါဘိ။

'ဟယ်တော်..ရန်ကုန်နယ်နိမိတ်ထဲတောင် ဝင်လာပါပြီကော ဥမ္မာ ရှင်ကော မအိပ်ဘူးလား'

'ခုပဲ နိုးတာ ဒါထက် ရွှေစင် အန်တီက လာကြိုမှာ လား'

'အို ဖုန်းဆက်ထားတာပဲ လာကြိုမှာ ပေါ့ ကျုပ်မရှိလို့ မာမီကလည်း လွမ်းလှပါပြီတဲ့ လေ'

'အင်း ရှုပ်မဲ့လူမရှိလို့ ဖြစ်မယ်'

'မျက်နှာသစ်ဦးမလား ဥမ္မာ'

'ခုပဲရောက်တော့မှာ ပဲ ကိုယ့်အိမ်ကိုသွားတာပဲဟာ'

ပြောပြောဆိုဆို ပြင်ပရောက်နေသော ပစ္စည်းများကို ဆုကေ့စ်ထဲသို့ ကောက်ထည့်လိုက်ကြသည် ။ နှင့်ရွှေစင်ရင်ထဲ တစ်မျိုးကြီး ဖြစ်နေသည် ။ တစ်ညနေနှင့် တစ်ညလုံးလုံး ခရီးအတူသွားခဲ့ကြသော်လည်း စကားတစ်လုံးမှ မဆိုမိသော ဤခရီးသွားဖော် နှစ်ယောက်ကိုပဲ မကျေနပ်ဖြစ်

ရမလား၊ မိန်းမသားဖြစ်ရခြင်းကိုပဲ မကျေမနပ် ဖြစ်ရမလား မသိအောင် ပင် နုရွှေစင် စိတ်ရှုပ်ထွေး သွားရလေသည် ။ နေစိမ့်လွန်းသူနှစ်ယောက် ကို ကြည့်လိုက်သည် ။

ဟင်..ဆုံပြန်ပြီ။

ကိုလူညိုချော၏ စူးရဲသော မျက်ဝန်းတစ်စုံနှင့်။

နုရွှေစင် မဲ့ပြပစ်လိုက်သည် ။ မှတ်ထား။

ကိုလူညိုချော ချက်ချင်း မျက်နှာလွှဲသွားသည် ။ မပြုံးမရယ် ခပ်တည် တည်နှင့်။

'အဲ ဘူတာကြီးတောင် ဝင် လာပြီတော့'

လှဥမ္မာက ကလေးတစ်ယောက်လိုပင် အပြင်ကို ခေါင်းထွက်ကြည့်ရ င်း အော်လေသည် ။ နုရွှေစင် စိတ်မဝင်စားပါ။ ခရီးဆိုလျှင် ငယ်စဉ်က တည်းက မိခင်နှင့်ရော အရွယ်ရောက်လာတော့ သူငယ်ချင်းတွေနှင့်ပါ ထွက်ဖူးသည် ။ ရထား၊ ကား၊ သင်္ဘော၊ လေယာဉ်ပျံ အစုံအလင်နှင့် သွားဖူးသည် ။ လူပေါင်းစုံကိုလည်း တွေ့ဖူးသည် ။ တစ်ခါမှ ယခုလို စိတ်ဝင်စားဖွယ် ရင်ဝယ်စူးနစ်စေသည့် ခံစားချက်မျိုး မဖြစ်ပေါ်ခဲ့ဖူးပါ ချေ။ ယခုတော့..။

အား ခွဲရတော့မှာ ပါလား ရှင်ကြီးရယ်။ ထိုအသိက ရင်ကို ဝေဒနာဖြ စ်စေသဖြင့် ကိုလူညိုချောကို တဝကြီး စိုက်ကြည့်ပစ်လိုက်သည် ။ ဟော. .ဆုံပြန်ပါပြီ။ စူးရဲသောအကြည့် မျက်ဝန်းတစ်စုံနှင့်။ အကြည့်ကို ရင်ဆိုင်ရလေတိုင်း မျက်နှာလွှဲသွားတတ်သော ကိုလူညိုချောကို ပခုံးတွ န့်ကာ မျက်လုံးပြူးပြလိုက်သည် ။ တုန်လှုပ်မှုမပြဘဲ မျက်နှာလွှဲသွားလေ သည် ။ စိတ္တဇဆန်နေတာများ လား။ ထိုစဉ် ရထားကလည်း ဘူတာသို့

ဆိုက်ကပ်လေပြီဖြစ်ရာ လှဥမ္မာက..

'ဟဲ့ ထလေ..ဟိုမှာ အန်တီ အန်တီ လက်လှမ်းပြနေတယ် ကျုပ်တို့ကို မြင်သွားပြီ'

'ဟုတ်လား ဘယ်မှာ လဲ'

နုရွှေစင်လည်း ထရပ်ပြီး လှဥမ္မာနံဘေးတိုးဝှေ့ကာ ခေါင်းပြူ၍ ပလက်ဖောင်းပေါ်ရှိ မိခင်ဖြစ်သူကို ကိုင်းငုံ့ ရှာဖွေကြည့်မိလေသည် ။

'ဟိုမှာ လေ တွေ့လား'

'အင်း..တွေ့ပြီ တွေ့ပြီ မာမီ မာမီ'

မိခင်ကိုတွေ့တော့လည်း အချွဲပိုမလေးပီပီ ဝမ်းသာအားရ လှမ်းလက်ပြလိုက်မိ၏။ မိခင်က သူတို့ ရထားတွဲရှိရာသို့ လျှောက်လိုက်လာသည် ။

'ဟဲ့ ရွှေစင် ပစ္စည်းတွေ ဝိုင်းချဦး'

မိမိတင်ကလေးကို ဖျတ်ခနဲ ရိုက်လိုက်ပြီး လှဥမ္မာအပြောကြောင့် ရထားတွင်း ပြန်လှည့်ကြည့်လိုက်စဉ်

'ဟင်'

ရင်မှာ လစ်ဟာသွားသည် ။

'ဟာကွာ သူတို့ ဘယ်ရောက်ကုန်ပြီလဲ'

ကိုလူညိုချောတို့ ကို မတွေ့ရတော့သဖြင့် ရင်မှာ မောဟိုက်သလို ခံစားလိုက်ရလေသည် ။ တစ်ကိုယ်လုံးလည်း ချာချာလည် လှည့်ပတ်ကြည့်ရင်း လှဥမ္မာကိုလည်း မေးခွန်းထုတ်လိုက်မိသည် ။ လှဥမ္မာက ပြုံးစိစိနှင့်..

'မြေလှိုးမိုးပျံသွားပြီလေ'

'နောက်မနေပါနဲ့ ဟာ ဒီမှာ ခံစားနေရပြီ'

'သွားပြီပေါ့..သူတို့ က ကျုပ်တို့လို ပစ္စည်းတွေပါတာမှ မဟုတ်တာ အိတ်ကိုယ်စီလွယ်ပြီး ဆင်းသွားကြပြီပေါ့'

'ဟာ ဆွေးပြီ'

သက်ပြင်းချလိုက်ပြီး မျက်နှာကလေးလည်း ဖြူဖျော့သွားသော နှင်းရွှေစင်ကိုကြည့်ပြီး လှဥမ္မာ အံ့အားသင့်သွားသည် ။

'ဟင် ရှင်ကဘာလဲ တကယ်လား'

'တကယ်ပေါ့..ဘယ်တုန်းက ဒီကိစ္စမျိုးနဲ့ ပတ်သက်ပြီး အလေးအနက် ပြောဖူးလို့ လဲ'

'အင်း'

'ခုကိစ္စက အသေအချာပဲ ဥမ္မာ ကျွန်မတော့ ရေရေလည်လည် ကြွေသွားပြီကွာ'

'ပုဒ္ဓေါ ကြားရချက်က ဆန်းပြားနေပြီ ဟော အန်တီ'

နှင်းရွှေစင် မိခင်ကို မြင်လိုက်သည် နှင့် စောစောက ဖျော့တော့နေသော မျက်နှာကို ချက်ချင်း သွေးရောင်လွှမ်းပစ်လိုက်ပြီး

'မာမီ'

'ပစ္စည်းတွေ ပြတင်းပေါက်က ချပေးလိုက်ကြ၊ လူချည်းပဲဆင်းလာ'

'ဟုတ်'

နှင်းရွှေစင်နှင့် လှဥမ္မာတို့ က အိတ်များကို ပြတင်းပေါက်က ချ

ပေးလိုက်သည် ။ မိခင်နှင့် ဒရိုင်ဘာက အောက်မှ ဆီးကြိုယူလိုက်ကြသည် ။ နောက် အောက်သို့ဆင်း လာပြီး ကိုယ်စီကိုယ်ငှ အိတ်များကို တစ်နိုင်ဆွဲလိုက်ကြပြီး မိခင်နောက်သို့ လိုက်ပါလာသည် ။ လူကသာ လိုက်ပါသည် ။ စိတ်အလိုအရ စေစားရာသို့ မျက်လုံးက ပျားပန်းခတ်မျှ သွားလာလှုပ်ရှားနေကြသော ဘ၀သံသရာ ခရီးသည် များ အကြား၌ ကိုလူညိုချောကို တွေ့ရလေနိုး ရှာဖွေနေမိလေသည် ။ အရိပ်အရောင်မျှပင် မတွေ့လေသောအခါ ပင့်သက်ရှိုက်လိုက်ပြီး ရင်ထဲ၌ နွမ်းလျသွားလေတော့သည် ။

'ရှင်ကြီး တကယ်မကောင်းဘူး လူကြီးရယ် ကျွန်မ တကယ်ကို ခံစားသွားရပြီဆိုတာ ရှင်ကြီးသိရဲ့ လား'ဟု ရင်ဝယ် မြည်တမ်းရင်း…။

***

# အခန်း (၃)

'ဘယ်လိုလဲ ကိုစစ် ဒဏ်ရာကျက်စ အသည်းက သွေးပြန်စို့လာပြန်ပြီလား'

စစ်သွေး နှုတ်မှ မဖြေနိုင်ပါ။ ခေါင်းကိုတော့ ခါရမ်းလိုက်မိသည် ။ သို့သော် အားမပါချေ။ အဘယ်ကြောင့် ဆိုသော် သူ့မျက်ဝန်းထဲတွင် ပိုးသားလို နက်မှောင်ပျော့အိနေသော ဆံပင်လေးများက ပခုံးသာသာ၊ မျက်နှာဝိုင်းဝိုင်း မျက်ခုံး မည်းတုတ်တုတ်ကလေးနှင့် နှာတံက အနေတော်၊ ရဲစို ထူအမ်းနေသော နှုတ်ခမ်းသားတစ်စုံအပြင် ဝတ်စုံ အင်္ကျီ ဘောင်းဘီပွပွက တစ်ဆက်တည်း။ အရောင်က နီနီရဲရဲနှင့် လုံခြုံသလောက် ဆန်းပြားသော အဝတ်အထည်ကလည်း အပို အဖတ်သလပ်တွေနှင့် ရှုပ်ထွေးနေသေး။

သို့သော် မျက်ဝန်းအစုံက မာန်မာနကင်းစင်ကာ ရှင်းသန့်နေသည် ။

ပြောင်စပ်စပ် အမူအယာလေးများ နှင့် မိမိကို မထိတထိ စနေပုံလေးက ချစ်စရာ။ သူလေး အကြောင်း တွေးလိုက်မိသည် နှင့် သူ၏ ညိုလက်သော မျက်နှာမှာ နွေးခနဲဖြစ်သွားပြီး ပန်းရောင်စို့ သွားရင်း မျက်မှောင်လည်း ကုတ်မိသွားရလေသည် ။

'အင်း..တူတာတော့ အတော့်ကိုတူတယ်နော် ကိုသက်'

တစ်ခွန်းချင်း လေသံအေးလေးနှင့် သူပြောလိုက်မိသည် ။ သူ၏ အစ်

ကိုဝမ်းကွဲတော်သော ကိုကျော်သက်ထူးက သူ့အား စွေကြည့်လိုက်ပြီး

'ဖီးလ်ဖြစ်မနေပါနဲ့ ကိုစစ်ရာ တူတာလေးတစ်ချက်ပဲ။ နုနယ်ခြင်းနဲ့ ရင့်ကျက်ခြင်းကတော့ ကွာခြားနေပြီ'

'သူ့သမီးများ ဖြစ်နေမလား'

ရင်ဝယ် အနာတရနှင့် ခပ်လေးလေး ပြောလိုက်မိသည် ။

'ဟ ဒီလောက်ကြီးတော့ ဖြစ်နိုင်မလားကွ ရထားပေါ်က ချာတိတ်မ က ငယ်တယ် နုတယ်ဆိုပေမယ့် နှစ်ဆယ်လောက်တော့ ရှိပါပြီ'

'ဒါဆို ညီမများ လား အင်း..သူ့မှာ ညီမရှိတယ်လို့ တော့ မပြောဖူးပါ ဘူး တူမများ လား'

ဆက်စပ်မှုများကို တွေးတွေးဆဆ အဖြေရှာကြည့်နေမိသည် ။

'မောင်ရင် ကိုယ့်ကိုပြောခဲ့ဖူးသေးတယ် သူ့မှာ အစ်မတစ်ယောက်ရှိ တယ်၊ ညီအစ်မ နှစ်ယောက်တည်းဆို'

'ဟုး'

ရင်ဘတ်ကြီး မို့မောက်လာသည် အထိ သက်ပြင်းရှိုက်သွင်းလိုက်ပြီး စစ်သွေး စိတ်ပျက်လက်ပျက်ကြီး ဖြေလိုက်မိသည် ။

'သူ့အကြောင်းကို သူပြောပြတာထက် ပိုပြီး ဘာမှ ကျွန်တော် သိမ ထားပါဘူး ကိုသက်ရာ'

ဒီစကားကို ကျော်သက်ထူး ယုံကြည်လေသည် ။

သူ၏ ညီဝမ်းကွဲတော်စပ်သူ စစ်သွေးသည် တည်ငြိမ် ရိုးသားသ လောက် အရက်လည်း ကြီးကာ စကားလည်း နည်းသူ ဖြစ်သည် ။ ပို၍ ဆိုးသည် က အစွဲအလမ်းကြီးခြင်းပင် ဖြစ်သည် ။ ဤလိုလူမျိုးကိုမှ

ကံကြမ္မာကလည်း အပြင်းစားရိုက်ချက်တွေ ပေးလိုက်သဖြင့် စစ်သွေးနှလုံးသား၌ သေရာပါအမာရွတ်တွေနှင့် ခံစားချက်က ဖြစ်ထွန်းလျက် ရှိလေသည် ။

သူ ပြည်ပသင်္ဘောလိုက်နေစဉ် ၅ နှစ်ကျော် ကာလအတွင်း အဖြစ်အပျက်တွေက အိပ်မက်ဆန်ဆန် ဖြစ်ပွားသွားခဲ့သည် ။ ဒါကလည်း စစ်သွေးပြောပြသလောက် သူ သိရှိရခြင်း ဖြစ်သည် ။

သူပြန်ရောက်လာတော့ သူတို့ နှင့် အလွန်ရင်းနှီးချစ်ခင် အားကိုးရသော ဦးလေးတော်သူ လေးလေးကိုလည်း အသက်ရှင်လျက်နှင့် မတွေ့ရတော့။ အမျိုးရှားပါးသည့်အထဲက ကြွင်းကျန်နေသော သူ့ညီတော်ဝမ်းကွဲ စစ်သွေးကလည်း ကုရာ နတ္ထိ ဆေးမရှိသည့် နှလုံးအက်ကွဲသည့် ဝေဒနာကလည်း ကြောက်ခမန်းလိလိ။ သူ ဘာကိုလုပ်၍ ဘယ်လိုကူညီပေးရမည်ကိုလည်း မသိအောင်ပင်။

ကျော်သက်ထူး ခေါင်းထဲဝင်လာသော အတွေးမောများကို ပင့်သက်ရှိုက်ကာ ဖယ်ရှားလိုက်စဉ် စစ်သွေးက

'ကိုသက် ကျွန်တော် ဒီရန်ကုန်ကြီးမှာ တစ်စက္ကန့်လေးလောက်တောင် မနေချင်တော့ဘူးဗျာ'

ဟု ဆွေးဆွေးမြည့်မြည့်ကြီး ပြောလာရာ

'အေးလေ မင်းအလိုကျ သံလျင်မှာ ဝယ်ထားတဲ့ အိမ်မှာ သွားနေပေါ့'

ကမ္ဘာလှည့်သင်္ဘောသားပီပီ ပါးနပ်သလောက် စကားပြောလည်း ပြတ်သားသည် ။ ဘာခံစားမှုမှ လည်း လေးလေးနက်နက် မထားတတ်သော ကျော်သက်ထူးက ချက်ချင်းပင် တုံ့ပြန်လိုက်သည် ။

‘ဆောရီး ကိုသက်၊ ကိုသက်လည်း ကျွန်တော့်အတွက်နဲ့ ’

စစ်သွေးစကား မဆုံးလိုက်ရ။ ကျော်သက်ထူးက လက်ကာပြရင်း

‘နိုး နိုး ကိုစစ် မင်းနဲ့ ကိုယ့်ကြားမှာ No problem လုံးဝ ပြဿနာမရှိဘူးပဲ မင်း စိတ်ချမ်းသာသလိုနေ၊ ကိုယ့်မှာ လည်း သွေးချင်းဆိုလို့ မင်း တစ်ယောက်ပဲ ရှိတော့တာ နောက်ပြီး ကိုယ်က အကြီးဆိုတော့ ညီဖြစ်တဲ့ မင်းကို လိုအပ်သလို ဖြည့်ဆည်းပေးဖို့ ကိုယ့်မှာ တာဝန်ရှိတယ်လေ’

စစ်သွေးက ဖျတ်ခနဲ အကြည့်နှင့် အကြည့်ချင်း ဆုံမိကြလေသည် ။ ထိုအကြည့်၌ ကျေးဇူးတင်ခြင်းတွေ ပါဝင်နေကြောင်း ကျော်သက်ထူး တွေ့မြင်လိုက်ရသည် ။

‘ကိုသက်’

‘အင်း ပြော’

‘ကျွန်တော် သံလျင်ကို ဒီနေ့ပဲ သွားချင်တယ်’

‘သွားလေ ပုံစံတူ ချာတိတ်မလေးကို ထပ်မံဆုံစည်းရမှာ ကြောက်နေလို့ လား’

‘ရင်ထဲက ဒဏ်ရာမကျက်သေးခင်မှာ နောက်ထပ် ဒဏ်ရာအသစ် ထပ်ဆင့်ရမှာ ကြောက်လို့ ဆိတ်ငြိမ်တဲ့ နေရာဒေသသစ်လေးမှာ ပဲ ဝေဒနာကို အေးအေးဆေးဆေး ကုစားချင်လို့ ပါ’

‘မောင်ရင့်သဘောပါပဲ တက်ကြွလန်းဆန်း နိုးနိုးကြားကြား အလုပ်လုပ်နေရမယ့် အချိန်မှာ ငြိမ်သက်နေတဲ့ မင်းကို ကိုယ် အားမရတာတော့ အမှန်ပဲ’

ကျော်သက်ထူးက ကရုဏာဒေါသကလေးနှင့် ဆိုလိုက်မိသည် ။

သို့သော် စစ်သွေးမျက်နှာ အနည်းငယ် ပျက်ယွင်းသွားသည် နှင့် သူ့စကားကို ပြန်လျှော့လိုက်ရသည် ။

'အေးလေ အချိန်က စကားပြောလာမှာ ပေါ့ကွာ သူနဲ့ ရုပ်ချင်းဆင်တဲ့ သူနဲ့ အမှတ်မထင် ဆုံစည်းလိုက်ရတာတောင် မင်း ဒီလောက်ခံစားနေရရင် သူနဲ့ ဆုံစည်းတဲ့ အခါ မင်း ခံနိုင်ရည်ရှိပ့ါမလား'

'ကျွန်တော် ကြိုးစားနေပါတယ် သူ့ကို မေးစရာလေးတွေ မေးပြီး သိခွင့်ရပြီးရင်တော့ ကျွန်တော့်ခံစားချက် ပြောင်းလဲသွားလိမ့်မယ်လို့ ထင်ပါတယ်'

'ပုံစံတူချာတိတ်မလေးနဲ့ ထပ်ဆုံရင်ကော။ အင်း..ရွှေစင်တဲ့ ။ သူ့သူငယ်ချင်း ဥမ္မာခေါ်သံကြားမိတယ် နာမည်တွေကတော့ အပြည့်အစုံ ဟုတ်ဟန်မတူဘူး။ ထားပါတော့ အဲဒီချာတိတ်မလေးနဲ့ ထပ်ဆုံရင် မင်း ဘယ်လိုခံစားရမလဲ ဒီလိုပဲ အနာပေါ် တုတ်ကျသလို ဆတ်ဆတ်ခါ နာကျင်ဦးမှာ လား'

'ကံကြမ္မာရဲ့ ပေးအပ်မှုအတိုင်းပေါ့'

'ကံကြမ္မာကို ရိုးမယ်မဖွဲ့စမ်းပါနဲ့ ကွာ ပျော့ညံ့လွန်းပါတယ်'

'မြန်မာလူမျိုးတစ်ယောက်အနေနဲ့ ကံကြမ္မာကို ပစ်ပယ်လို့ မရပါဘူး ကိုသက်'

စိတ်မှာ အနာတရဖြစ်နေသော ညီကို ကျော်သက်ထူးကပင် အလျှော့ပေးလိုက်ပြီး စကားလွှဲလိုက်ရလေသည် ။

'ကိုယ်ကတော့ ချာတိတ်မလေးကို သဘောကျတယ်'

ထိုစကားကြောင့် စစ်သွေး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

အံ့အားသင့်သော အကြည့်နှင့် ကျော်သက်ထူးကို ကြည့်လိုက်ရင်း 'ဗျာ'ဟု ပင် အာမေဋိတ် ထွက်သွားရသည် ။ ကျော်သက်ထူးက မထေ့တ ထေ့ပြုံးလိုက်ရင်း

'ဟုတ်တယ်လေ လူငယ်ဆိုတာ အမြဲတမ်းဟက်ပီး ပျော်ရွှင် ဖြစ်နေရမယ်၊ ငေးငေါင်နေတာမျိုး ဖြစ်မနေရဘူး။ အဲဒီချာတိတ်မကလေးကို ကြည့်ရတာ တစ်ခါမှ မီးအပူ အဟပ်ခံရတာမျိုးတောင် ရှိခဲ့ပုံမပေါ်ဘူး။ ပေါ်လာရင်လည်း ခဏပဲခံစားပြီး ချက်ချင်း မေ့ပစ်လိုက်မဲ့ပုံစံမျိုးလေးကွ အဟတ် ချစ်စရာလေးကွ'

ပြောပြီး ကျော်သက်ထူးက ရယ်လေတော့ စစ်သွေးရင်၌ နင့်ခနဲ ဖြစ်သွားသည် ။ ကိုသက်များ ချာတိတ်မလေးကို စိတ်ဝင်စားနေပြီလား ဟူသော အတွေးကြောင့်ပင်။ ကိုသက်ပုံစံကလည်း ကြည့်ဦး။ ဖြူဖြူမြင့်မြင့် ယခုခေတ်စားနေသော ကိုရီးယားမင်းသားတွေလိုမျိုး ခေတ်စတိုင်လ်က အပြည့်နှင့်။ ကိုသက်ချွေလျှင် ကြွေမည့်ပန်းခိုင်လေးတွေက အသင့်အနေအထားမျိုး။

'ကိုင်း..မင်း သံလျင်သွားဖို့ ဆုံးဖြတ်ပြီးပြီလား'

'ဒီနေ့ပဲ သွားမယ်လို့ ပြောပြီးပြီလေဗျာ'

'အိုကေ ဒါဖြင့် ပစ္စည်းတွေသိမ်း ကိုယ် မင်းကို လိုက်ပို့ပေးမယ်၊ ပြီးရင် ပြန် လာပြီး ဒီတိုက်ကို သံရုံးငှားဖို့ စီစဉ်လိုက်မယ်၊ ကိစ္စပြတ်ရင် မင်းဆီတစ်လဲ၊ ကွန်ဒိုတိုက်ခန်း တစ်လဲ နေတာပေ့ါ၊ ဒါထက် မင်းတစ်ယောက်တည်း ဟိုမှာ ဖြစ်ပ့ါမလား'

'ဖြစ်ပါတယ် ကိုသက်ရာ ယောကျ်ားပဲဟာ'

'ဟုတ်တယ် ယောကျ်ားဆိုတာ နေရဲရုံတင်မကဘူး ဖြစ်ပျက်ခဲ့သမျှ

ဝေဒနာတွေကိုလည်း မေ့ပစ်နိုင်စွမ်း ရှိရမယ်ကွ'

'ဒါကတော့ဗျာ ကိုသက်မှ မခံစားဖူးသေးတာ'

ဟု ပြောပြီး ရင်ဝယ် နာကျင်လာသဖြင့် ကိုသက်ရှေ့မှ ထကာ ပစ္စည်းသိမ်းရန် အပေါ်ထပ်သို့ တက်ခဲ့လေတော့သည် ။ မျက်နှာပျက်ပြီး ထသွားသော စစ်သွေးကိုကြည့်ပြီး ကျော်သက်ထူးမှာ လေပူတစ်ချက် မှုတ်ထုတ် လိုက်လေတော့သည် ။ ဒီကောင့်ဝေဒနာ ဘယ်တော့များမှ ပျောက်နိုင်ပါ့မလဲဟု လည်း တွေးလိုက်မိသည် ။

'အချစ်ဝေဒနာဟာ ကုရာနတ္ထိ ဆေးမရှိသလို ပြင်းထန်လေသလား' ဟု ရည်းစား မှိုလိုပေါက်ထားသော ကျော်သက်ထူးအတွက်တော့ တွေး စရာလိုမျိုး ဖြစ်နေသည် ။

***